## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ လိုအပ်သောအရည်အချင်းများ-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်(နိုင်)/(ပြု)/(ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။(ဝင်ခွင့်လျှောက်ထားချိန် တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(နိုင်)/(ပြု)/(ဧည့်) ရရှိတင်ပြနိုင်သူဖြစ်ရမည်)

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ဓနု၊ပအိုဝ်း၊ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက် ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာအထက်တန်း ကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံ ဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊၉-တန်း၊၁၀-တန်း)ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

(ဃ) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်။

(င) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ)ဖြင့်အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာစုစုပေါင်းရမှတ် (၄၂၀)နှင့်အထက်ရရှိသူဖြစ်ရမည်။ အဆိုပါ (၆)ဘာသာစုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိ သူများအနက် အင်္ဂလိပ်စာ၊ဓာတုဗေဒ၊ဇီဝဗေဒ (၃)ဘာသာစုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page နှင့် Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တို့တွင် ကြေညာမည်။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက်**(မပျက်မကွက်)**လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီ ဝင်ရောက်ဖြေဆိုခြင်း မရှိသူများအား (၃)ဘာသာစုစုပေါင်းရမှတ်မည်မျှပင်ရရှိစေကာမူ လုံးဝ**(လုံးဝ)** လက်ခံ စဉ်းစားပေးမည်မဟုတ်ပါ။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာစုစုပေါင်းရမှတ် နှင့် လူတွေ့ နှုတ်မေးစာမေးပွဲဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့်ပြုမည်။

(ဈ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့် မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြား အကြောင်းကြားပေးမည်မဟုတ်ပါ။

(ည) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုပါရန် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(ဋ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါကနိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်မပျက်မကွက်တာဝန် ထမ်းဆောင်ရန် ဝန်ခံကတိပြုရမည်။

၃။ လျှောက်လွှာနှင့်အတူအောက်ပါအချက်များကို ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့်တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း**(မူရင်း)** (၁)စောင်

(ခ) ၎င်းဒေသရှိကျောင်း၌(၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲအား ၎င်းဒေသရှိစာစစ်ဌာနမှအောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာအခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် (<u>**မပျက်မကွက်**</u>) တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

မှတ်ချက်။ **အထူးအခွင့်အရေးအဖြစ်ဆေးတက္ကသိုလ်သို့တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက် အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန် ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌ (သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။**

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **(၂၅-၁၁-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထား ရမည်ဖြစ်သည်။

၆။ **လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(<u>လုံးဝ</u>) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက် ခွင့်ပြုသည့်ဝင်ခွင့်ရတက္ကသိုလ်တွင်သာသင်တန်းပြီးဆုံးသည်အထိတက်ရောက်ရမည်ဖြစ်သည်။ **(တက္ကသိုလ် ပြောင်းရွှေ့ပညာသင်ကြားခွင့်အား လုံးဝ(<u>လုံးဝ</u>)ခွင့်ပြုမည်မဟုတ်ပါ)**

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၃၄၁၁၂၃၉ နှင့် ၀၆၇-၃၄၁၁၁၄၈၊ ၃၄၁၁၁၄၉၊ လိုင်းခွဲ(၈၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

ဓာတ်ပုံ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

## ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

## (၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) ------------------------------------ ကျား ☐ မ ☐

(အင်္ဂလိပ်) ------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ----------------------------------------------------------

၄။ လူမျိုး ------------------------------- ကိုးကွယ်သည့်ဘာသာ ----------------------------

၅။ ဖခင်အမည် ------------------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------

အလုပ်အကိုင်---------------------------------------------------------------------

၆။ မိခင်အမည် -------------------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------

အလုပ်အကိုင်---------------------------------------------------------------------

၇။ အဋ္ဌမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း------------------------------------------မြို့နယ်

--------------------မြို့----------------------------------------ပြည်နယ်/တိုင်းဒေသကြီး

၈။ နဝမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း------------------------------------------မြို့နယ်

--------------------မြို့----------------------------------------ပြည်နယ်/တိုင်းဒေသကြီး

၉။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်---------------ခုံအမှတ်------------------------

(၆)ဘာသာစုစုပေါင်းရမှတ်----------၊ (၃)ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)-----------

အောင်မြင်သည့်စာစစ်ဌာန-------------------------------------------------------------မြို့နယ်

---------------------မြို့၊ ---------------------------------------ပြည်နယ်/တိုင်းဒေသကြီး

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်------------------------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ -------------------------------------------------------------

----------------------------------------------------------------------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်----------------------------------------------

----------------------------------------------------------------------------------------

၁၃။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ---------------------------

---------------------------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ --------------------

-----------------------

မိဘ/အုပ်ထိန်းသူလက်မှတ်